` အုဖွိုလ်ချောင်ကျေးရွာ
သထုံမြို့နယ်

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (၂၀၂၃ - ၂၀၂၇)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

အုဖွိုလ်ချောင်ကျေးရွာ၊ သထုံမြို့နယ်

(သထုံမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကူညီရေးဆွဲသည်)

၂၀၂၂ခုနှစ်၊ ဇူလိုင်လ

မာတိကာ

စဉ်	အကြောင်းအရာ	
	စကားချီး	၃
	အုဖွိုလ်ချောင်ကျေးရွာ ကျေးရွာသယံဇာတပြမြေပုံ၊ သထုံမြို့နယ်	၅
၁။	**တည်နေရာနှင့် ပထဝီဝင် အနေအထား**	၆
၂။	**ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ**	၆
၃။	**ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ**	၆
၄။	**စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ**	၇
	(က) သီးနှံ စိုက်ပျိုးရေး	၇
	(ခ) မွေးမြူရေးလုပ်ငန်း	၇
	(ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ	၈
	(ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု	၈
၅။	**အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ**	၈
	(က) ကျေးလက် သယ်ယူပို့ဆောင်ရေး	၈
	(ခ) ကျေးရွာ မီးလင်းရေး	၉
	(ဂ) သတင်းနှင့် ဆက်သွယ်ရေး	၉
၆။	**ပညာရေး**	၁၀
၇။	**ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး**	၁၀
၈။	**ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး**	၁၁
၉။	**ကျား-မ ရေးရာ ကိစ္စရပ်ဆိုင်ရာ**	၁၁
၁၀။	**ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ**	၁၂
နောက်ဆက်တွဲ		
	နောက်ဆက်တွဲ (၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း	၁၄
	နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ	၁၅
	နောက်ဆက်တွဲ (၃) ကျေးရွာ ဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား	၁၃
	နောက်ဆက်တွဲ (၄) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၁)	၁၉
	နောက်ဆက်တွဲ (၅) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၂)	၆၁
	နောက်ဆက်တွဲ (၆) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၃)	၆၃

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၂၂/၂၃ ဘဏ္ဍာရေးနှစ်မှ ၂၀၂၆/၂၇ ခုနှစ် အထိ (၅) နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ ကျေးရွာ၏ ပထမဦးဆုံးသော လူထုအများစုပေါင်း ပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဖြစ်ပါသည်။ ကနဦး အနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသော သမဝါယနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများ စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့ အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် သင်တန်းလုပ်ဆောင် ပေးရုံသာမက နည်းပေးလမ်းပြ ကူညီပံ့ပိုးပေး သည့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများက စီစဉ်ဆောင်ရွက်ပေး ပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲရာတွင် ကိန်းဂဏာန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏာန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏာန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန် လိုအပ်ကြောင်းကိုလည်း ကောင်းစွာ သိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသော အစီအစဉ်ကို ထပ်မံရရှိသည့်ကိန်းဂဏာန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက် လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင် သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ မြို့နယ်အဆင့်တွင်လည်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနစသည့် သက်ဆိုင်ရာ ဦးစီးဌာနအသီးသီးတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အဓိကအားဖြင့် ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးရေး အခြေအနေ၊ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ နှစ်စဉ် ဦးစားပေးစီမံချက် အဆိုပြုလွှာ၊ ကျေးရွာဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြဇယား စသည်တို့ကို အဓိကထား ဖော်ပြထားပါသည်။


ဇူလိုင်လ၊ ၂၀၂၂

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ


အုဖွိုလ်ချောင်ကျေးရွာ

သထုံမြို့နယ်

အုဖွိုလ်ချောင်ကျေးရွာ သယံဇာတပြမြေပုံ၊ သထုံမြို့နယ်




အုဖွိုလ်ချောင်ကျေးရွာ ရာသီခွင်ပြပကွဒဒိန်၊ သထုံမြို့နယ်




အုပ်ဖွိုလ်ချောင်ကျေးရွာ ရာသီခွင်ပြ ပြက္ခဒိန်												
အဖြစ်အပျက်များ	တန်ခူး	ကဆုန်	နယုန်	ဝါဆို	ဝါခေါင်	တော်သလင်း	သီတင်းကျွတ်	တန်ဆောင်မုန်း	နတ်တော်	ပြာသို	တပို့တွဲ	တပေါင်း
ရာသီဥတု												
အလုပ်အကိုင်	လယ်ဖြင်	မျိုးစေ့ချ	မျိုးစေ့ချ မျိုးစေ့ခိုက်	စပါးခိုက်	ပဲ ကျဲ	ဆေးဖျန်း	စပါးရိတ်	စပါးရိတ်	စပါးသိမ်း	စပါးသိမ်း စပါးရောင်း	—	—
သောက်သုံးရေ	ရေနုတ်	ရေနုတ်	အားသန်းတွင်	များ	များ	များ	များ	များ	အားသန်းတွင်	အားသန်းတွင်	အားသန်းတွင်	ရေ နုတ်
ခိုက်ပျိုးရေ	ရေ ရှာ	ရေနုတ်	များ	များ	များ	အားသန်းတွင်	အားသန်းတွင်	ရေနုတ်	ရေ နုတ်	ရေ ရှာ	ရေ ရှာ	ရေ ရှာ
ရောဂါကျရောက်မှု (လူ)	—	—	တုတ်ကွေး	ဖျား နာ တုပ် ဇလွဲ	ဒေါသ ဆေးကိုးကိုး	ဒေါသ ဆေးကိုးကိုး	ဖျား နာ	—	အအော် ယို	—	—	—
ရောဂါကျရောက်မှု (တိရိစ္ဆာန်)	ခွာ နာ	ဆီးကြီး နာကျ	ဝမ်း နာကျ	ကြွက် နာကျ	ဝမ်း နာ ကြွက် နာ	ဝမ်း နာ ကြွက် နာ	-	-	—	—	—	ခွာ ခြေသည်း နာ
ပိုးမွှားကျရောက်မှု	—	—	—	ဂွမ်းပိုး	ဂွမ်းပိုး	ဂွမ်းပိုး	ဟွမ်းပိုး	ကြွေကွဲ ဟွမ်းပိုး	—	—	—	—
ပဲ့တော်	သင်္ကြန် ဟုန်းမွန်း	ဧရာဝတီရေ ဆွဲ	-	ဝါဆို သဃ်္ခါန်းကပ်	-	-	ဓာတ်ဆိုး	ကထိန်	ဓာတ်ပုံ ကင်္ကြိုက်ပွဲ	ပဒုန်း	ဓာတ်နှင်း	—
သဘာဝဘေး အန္တရာယ်	—	—	—	—	—	—	—	—	—	—	—	—
ဝင်ငွေ	များ	များ	နှမ်း	နှမ်း	အားသန်းတွင် နီ	အားသန်းတွင်	နှမ်း	အားသန်းတွင်	အားသန်းတွင်	များ	များ	များ

အုဖွိုလ်ချောင်ကျေးရွာ Venn Diragram(ကျေးရွာတွင်း/ရွာပြင်ဆက်သွယ်ဆောင်ရွက်နေသောအဖွဲ့အစည်းများ) ၊ သထုံမြို့နယ်



အုဖွိုလ်ချောင်ကျေးရွာ ဥစ္စာဓနအဆင့်သတ်မှတ်ခြင်း ၊ သထုံမြို့နယ်

အကြောင်းအရာ	သတ်မှတ်ချက်			
	အဆင့်ပြေသောအိမ်ထောင်စု	အလယ်အလတ်ရှိသောအိမ်ထောင်စု	ဆင်းရဲသည့်အိမ်ထောင်စု	အလွန်ဆင်းရဲသည့်အိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	၁၄မှ၃၀ဧကာ	၄၄မှ၁၀၁ဧကာ	—	—
အိမ်အထည်အရေး	အုတ်စေ့၊ဘွဲပါနိုင်၊ မြေပြင်ထောင်မျှဝါ	ဖက်ဝိုင်း၊ ပျဉ်ထောင်၊ ပျဉ်ခင်း	ဖက်ဝိုင်း၊ ဖက်ကာ၊ သဲစိမ်းဝိုင်း	ဖက်ဝိုင်း၊ ဖက်ကာ ငါးကာ
ကုန်ထုတ်လုပ်မှုနှင့်ဆိုင်သောပိုင်ဆိုင်မှု	လက်ဆွဲနှင်းထွန်စက်၊ ထောက်ကားကို၊ ကား၊ ဆက်ကြေး	—	—	—
အဆင်ကအခြားရောက်ရှိပုံနှုန်း	လယ်၊ ဆက်ကြေး၊ ကားဆောင်း	လယ်၊ ဈေး၊ ဆောင်း	ကျပန်း	ကျပန်း
အိမ်ထောင်စုဦးရေ	၂၀	၃၂	၁၆	၂၂



အုဖွိုလ်ချောင်ကျေးရွာ (၅)နှစ်တာ အကောင်အထည်ဖော်မည့် လုပ်ငန်းစာရင်း

စဉ်	လုပ်ငန်းအမည်	၂၀၂၁ - ၂၀၂၂	၂၀၂၂ - ၂၀၂၃	၂၀၂၃ - ၂၀၂၄	၂၀၂၄ - ၂၀၂၅	၂၀၂၅ - ၂၀၂၆
၁။	ရွာတံခါးကျောက်နှင့်စသော်းရိုးကာရံခြင်း	✓	—	—	—	—
၂။	ရွာလယ်လမ်းကွန်ကရစ်ခင်းခြင်း	—	✓	—	—	—
၃။	ဆိုလာလမ်းမီးတိုင်	—	—	✓	—	—
၄။	ကျေးလက်ဆေးပေါ်ခန်း	—	—	—	✓	—
၅။	ရွာထိပ်တံတား၊ နာသစ်တန်းသစ်ဆောက်ခြင်း (အုဖွိုလ်နှင့်ကျောင်းကူးတံတား)	—	—	—	—	✓

၁။ တည်နေရာနှင့် ပထဝီဝင် အနေအထား

အုဖွိုလ်ချောင်ကျေးရွာ၊ အုဖွိုလ်ချောင်ကျေးရွာအုပ်စုသည် မွန်ပြည်နယ်၊ သထုံခရိုင်၊ သထုံမြို့နယ်၏ တောင်ဘက်တွင် တည်ရှိပါသည်။ ကျေးရွာ၏ အရှေ့ဘက်တွင် သရက်တော ကျေးရွာ နှင့်ကပ်လျက်ရှိပြီး အနောက်ဘက်တွင် သုံးအိမ်စုကျေးရွာတည်ရှိပါသည်။ တောင်ဘက်နှင့် မြောက်ဘက်တွင် လယ်ကွင်းပြင်များသာရှိပါသည်။ ကျေးရွာတွင် ဗမာလူမျိုးများနှင့် တမီလ် လူမျိုးများသည် စည်းလုံးညီညွတ်စွာ နေထိုင်ကြပြီး ဗုဒ္ဓဘာသာကို အဓိကကိုးကွယ်ကြပါသည်။

၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

အုဖွိုလ်ချောင်ကျေးရွာ၏ ရာသီဥတုမှာ သမပိုင်းရာသီဥတုဖြစ်ပြီး အပူအအေး မျှတမှု ရှိပါသည်။ အုဖွိုလ်ချောင်ကျေးရွာတွင် မိုးစပါးကိုသာ အဓိကစိုက်ပျိုးကြပြီး စိုက်ပျိုးနိုင်သော လယ်မြေ ဧကမှာ (၇၃၈)ဧကခန့်ရှိပါသည်။ မြေဆီလွှာအရည် အသွေးမှာ အသင့် အတင့်သာကောင်းမွန်ပြီး မြေလွတ်၊ မြေလတ်နှင့် စားကျက်မြေများ မရှိသဖြင့် လယ်မြေတွင်သာ မိုးစပါးကို အဓိကထား၍ စိုက်ပျိုးကြရပါသည်။ အိမ်ခြံမြေများတွင် ရာသီအလိုက် ဟင်းသီးဟင်းရွက်များကို အိမ်စားသုံးရုံမျှသာ အနည်းအကျင်းစိုက်ပျိုးကြပါသည်။ ကျေးရွာပတ်ဝန်းကျင်တွင် ချောင်း(၃)ချောင်းရှိပြီး ငါးမျိုးစိတ်များ အနည်းငယ်ရှိပါသည်။

၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

အုဖွိုလ်ချောင်ကျေးရွာအတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများဖြစ်သည့် အုပ်ချုပ်ရေးအဖွဲ့တွင် ကျား(၉)ဖြင့်ဖွဲ့စည်းထားပြီး ကျေးရွာ၏ ပညာရေး၊ ငွေကြေး၊ကျန်းမာရေး၊ ဘာသာရေး၊ စိုက်ပျိုးမွေးမြူရေး၊ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေးနှင့် လုံခြုံရေးနှင့် ကာကွယ်ရေး လုပ်ငန်းများတွင် စည်းလုံးညီညွတ်စွာဖြင့် တက်ညီလက်ညီလုပ်ဆောင်ကြပါသည်။ ရပ်မိ/ဖ (၂) ဦးဖြင့်ဖွဲ့စည်းထားပြီး ကျေးရွာ၏ လုံခြုံရေးနှင့်ကာကွယ်ရေး၊ ဘာသာရေး၊ သာရေး/နာရေး စသည့် လူမှုရေးလုပ်ငန်းများတွင် စည်းလုံးညီညွတ်စွာဖြင့် တက်ညီလက်ညီလုပ်ဆောင်နေကြပါသည်။ ဂေါပကအဖွဲ့တွင် ကျား(၃)ဦးနှင့် တမိလ်ဘုရားကျောင်းအဖွဲ့တွင် ကျား(၅)ဦးဖြင့်ဖွဲ့စည်းထားပြီး ငွေကြေး၊ ဘာသာရေးနှင့် သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက် ကြပါသည်။ အပျို၊ လူပျိုအဖွဲ့တွင် (ကျား-၅ဦး၊ မ-၅ဦး)ဖြင့်ဖွဲ့စည်းထားပြီး ကျေးရွာ၏ သာရေး/နာရေး ၊ လူမှုရေး လုပ်ငန်းများတွင် စုပေါင်းလုပ်ဆောင်ကြပါသည်။ ကျောင်းအကျိုး တော်ဆောင်အဖွဲ့တွင် ကျား(၂)ဦး၊ မ(၅)ဖြင့်ဖွဲ့စည်းထားပြီး ကျေးရွာရှိ မူလတန်းကျောင်း ဆရာ/မ များနှင့်ပူပေါင်း၍ ကလေးများ၏ ပညာရေး၊ ကျန်းမာရေး ကဏ္ဍ တိုးတက် လာရန် စုပေါင်းဆောင်ရွက် လျှက်ရှိပါသည်။ လမ်းကော်မတီအဖွဲ့တွင် ကျား(၃)ဦး၊ မ(၂)ဦးဖြင့်ဖွဲ့စည်းထားပြီး ကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် အားတက်သရောစုပေါင်းလုပ်ဆောင်ကြပါသည်။ ကျေးရွာဖွံ့ဖြိုးတိုးတက်စေရန်အတွက် ဝေါဟာရအဖွဲ့မှလည်း လူမှုဖွံ့ဖြိုးရေးလုပ်ငန်းများကို တစ်တပ်တစ်အား ပါဝင်လုပ်ကိုင်ဆောင်ရွက်ပေးလျက်ရှိပါသည်။

၄။ စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(က) သီးနှံ စိုက်ပျိုးရေး

အုဖွိုလ်ချောင်ကျေးရွာတွင် ၂.၅၈ကမှ ၅၈ကကြား တောင်သူလတ် အိမ်ထောင်စု (၃၂)စုရှိပြီး ၁၂.၅၈ကအထက် ပိုင်ဆိုင်သူ တောင်သူကြီး အိမ်ထောင်စု(၂၀)စုရှိပါသည်။ အုဖွိုလ်ချောင် ကျေးရွာတွင် အဓိကအားဖြင့် မိုးစပါးကိုသာ အားထားစိုက်ပျိုးကြပြီး နွေစပါး စိုက်ပျိုးသည့် တောင်သူ လယ်သမားများမရှိပါ။ မြေယာမဲ့အိမ်ထောင်စုများသည် နေ့စားကျပန်းနှင့် ပြည်ပတွင် သွားရောက် လုပ်ကိုင် ကြပြီး ကျေးရွာ၏ စုစုပေါင်းအိမ်ထောင်စု၏ ထပ်ဝက်ခန့်ရှိသည်ကို တွေ့ရှိရပါသည်။ ကျေးရွာ၏ စိုက်ပျိုးရေးတွင် မိုးရေကိုသာအဓိကထားစိုက်ပျိုးကြပါသည်။ ကျေးရွာအတွင်းရှိ လယ်သမားများတွင် တစ်ဦးချင်းပိုင် လက်တွန်းထွန်စက်(၃၇)စီးရှိပါသည်။ စက်ကိရိယာပိုင်ဆိုင်မှု မရှိသောအိမ်ထောင်စုများမှာ ငှားရမ်းလုပ်ကိုင်ကြပြီး မလုံလောက်သောကြောင့် အချိန်မီပြီးစီးမှုတွင် အခက်အခဲများရှိပါသည်။ စပါးစိုက်ပျိုးရေးအထွက်နှုန်းမှာ ရာသီဥတုအပေါ်မူတည်၍ တစ်ဧကလျှင် ပျမ်းမျှ တင်း(၃၀)ခန့်သာထွက်ရှိပါသည်။ မိုးရာသီတွင် စိုက်ခင်းများရေလွှမ်းမှုရှိသဖြင့် စပါးများ ပျက်စီးဆုံးရှုံးမှုများရှိပါသည်။ သထုံမြို့နှင့်နီးသောကြောင့် သီးနှံမျိုးစေ့များနှင့် စိုက်ပျိုးရေး မြေဩဇာများကို အလွယ်တကူဝယ်ယူရရှိနိုင်ပြီး စိုက်ပျိုးရေးလုပ်ငန်းထွက်ကုန်များကို ကုန်သည် ပွဲစားများနှင့်စျေးတွင် စျေးနှုန်းမှန်ကန်စွာဖြင့် အလွယ်တကူရောင်းချနိုင်ပါသည်။ စိုက်ပျိုးရေး ချေးငွေများကိုလည်း မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်တွင် ပုံစံ(၇)ဖြင့် ချေးယူနိုင်ပါသည်။ စိုက်ပျိုးရေး နည်းပညာအားနည်းခြင်းကြောင့် စိုက်ပျိုးရေးနည်းပညာသင်တန်းများပို့ချပေးနိုင်ပါက စပါးအထွက်နှုန်း ပိုမိုများလာပြီး အရည်အသွေးပြည့်ဝသောထုတ်ကုန်များထွက်ရှိလာနိုင်ပါသည်။

(ခ) မွေးမြူရေးလုပ်ငန်း

အုဖွိုလ်ချောင်ကျေးရွာတွင် နွားမွေးမြူသည့် အိမ်ထောင်စု(၃၁)အိမ်ရှိပြီး နွားကောင်ရေ (၁၁၂)ကောင်၊ ဆိတ်မွေးမြူသည့်အိမ်ထောင်စု (၃၇)အိမ်ရှိပြီး ဆိတ်ကောင်ရေ (၂၀၀) ကောင်၊ ဝက်မွေးမြူသည့်အိမ်ထောင်စု (၁၀)အိမ်ရှိပြီး ဝက်ကောင်ရေ(၂၅)ကောင်၊ ကြက်မွေးမြူသည့် အိမ်ထောင်စု (၅၅)အိမ်ရှိပြီး ကြက်ကောင်ရေ(၄၉၄)ကောင်၊ ဘဲမွေးမြူသည့် အိမ်ထောင်စု (၄၄)အိမ် ရှိပြီး ဘဲကောင်ရေ(၃၅၂)ကောင်၊ အုဖွိုလ်ချောင်ကျေးရွာရှိ ပြည်သူများသည် နွား၊ ဆိတ်၊ ကြက်၊ ဝက်၊ ဘဲများအား စီးပွားဖြစ် မွေးမြူရေးလုပ်ငန်းများလုပ်ကိုင်သူမရှိဘဲ တစ်ပိုင်တစ်နိုင်ဖြင့်သာ မိမိတို့အိမ်ခြံဝင်းအတွင်းမွေးမြူသဖြင့် အခက်အခဲများမရှိပါ။ ကျေးရွာအနီးတွင် ရေချိုချောင်းများနှင့် နီးသော်လည်း အိမ်စားရုံမျှသာ ငါး၊ ကဏန်း၊ ပုဇွန်၊ ဖားများရှာစားကြပါသည်။ ငါးမွေးမြူရေးလုပ်ငန်း လုပ်ကိုင်သောအိမ်ထောင်စု(၁)စု ရှိသော်လည်း ယခုနှစ်မှပင် စတင်မွေးမြူခြင်း ဖြစ်သောကြောင့်

အခက်အခဲများမရှိပါ။ သထုံမြို့နှင့်နီးသောကြောင့် မျိုးတိရိစ္ဆာန်ရရှိ၊ အစားအစာနှင့် ဆေးဝါးများကို အလွယ်တကူရရှိနိုင်ပါသည်။ တိရိစ္ဆာန်များမွေးမြူရာတွင် နည်းပညာနှင့် ကာကွယ်ဆေးထိုးနှံပေးသည့် ဝန်ဆောင်မှုများမရှိသဖြင့် ရာသီကူးပြောင်းချိန်တွင် ရောဂါများ ကူးစက်ခံရပြီး ပျက်စီးဆုံးရှုံးမှုအနည်းငယ်ရှိပါသည်။အလုပ်အကိုင်အခွင့်အလမ်းနည်းပါးခြင်းနှင့်အရင်းအနှီးငွေနည်းပါးခြင်းတို့ကြောင့်စီးပွားဖြစ်မွေးမြူရေးလုပ်ငန်းကိုတိုးချဲ့လုပ်ကိုင်ဆောင်ရွက်နိုင်ခြင်းမရှိသေးပါ။

(ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ

စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်း မလုပ်ကိုင်သည့် အိမ်ထောင်စုများသည် စျေးရောင်းခြင်း၊ စက်ချုပ်ခြင်း၊ ပို့ဆောင်ရေး၊ ကြံရာကျပန်းလုပ်ငန်းများ လုပ်ကိုင်ကြပါသည်။ ကျေးရွာတွင် လယ်ယာစိုက်ပျိုးရေးနှင့် မွေးမြူရေးကို တစ်နိုင်တစ်ပိုင်လုပ်ကိုင်ကြပြီး အသက်မွေးမှုနည်း ပညာအားနည်းခြင်း၊ တတ်မြောက်မှုမရှိခြင်း၊ ငွေကြေးရင်းနှီး မြှုပ်နှံမှုအားနည်းခြင်း၊ အလုပ်အကိုင်အခွင့်အလမ်း နည်းပါးခြင်း တို့ကြောင့် ပြည်ပနိုင်ငံများနှင့် တစ်ခြားဒေသများသို့ ပြောင်းရွှေ့လုပ်ကိုင်ရသော အိမ်ထောင်စုများလည်း ရှိပါသည်။ အုဖွိလ်ချောင်ကျေးရွာတွင် စိုက်ပျိုးရေး၊ မွေးမြူရေးမလုပ်သော အခြား စီးပွားရေးလုပ်ငန်း လုပ်ကိုင်သော အိမ်ထောင်စုများသည် အသက်မွေးဝမ်းကျောင်း နှင့်အသေးစား အလတ်စား ဖွံ့ဖြိုးတိုးတက် မှုဆိုင်ရာ ဝန်ဆောင်မှုမရှိခြင်း၊ အသက်မွေးဝမ်း ကျောင်းဆိုင်ရာ ပညာများ တတ်မြောက်မှုမရှိခြင်း၊ ရင်းနှီးမြှုပ်နှံရန် ငွေကြေးမတတ်နိုင်ခြင်းကြောင့် အလုပ်အကိုင်အခွင့်အလမ်း နည်းပါးပါသည်။ ထို့ကြောင့် နေ့စား ကျပန်းများအနေဖြင့် အသက်မွေးဝမ်းကျောင်း နည်းပညာ ဖြစ်သည့် (စက်ချုပ်သင်တန်း၊ ကားနှင့်ဆိုင်ကယ်ပြင် သင်တန်း၊ ဓာတ်မြေဩဇာ ထုတ်လုပ်မှု သင်တန်း၊ဆပ်ပြာရည်သင်တန်း) စသည့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ သင်တန်းများကိုဖွင့်လှစ် သင်ကြားစေခြင်းအားဖြင့် တစ်ဖက်တစ်လှမ်းမှ ဝင်ငွေများရရှိလာပြီး မိသားစုစားဝတ်နေရေး အဆင်ပြေ ချောင်လည်လာမည် ဖြစ်ပါသည်။

(ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

တောင်သူလယ်သမားများသည် စိုက်ပျိုးရေးစရိတ်ချေးငွေများကို မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်တွင် ပုံစံ(၇)ဖြင့် တစ်ဧကလျှင် (၁.၅)သိန်းနှုန်းဖြင့် (၁၀)ဧကအထိ အလွယ်တကူ ချေးယူနိုင်သော်လည်း ကိုယ်ပိုင်ရင်းနှီးငွေနည်းပါးကြပါသည်။ မွေးမြူရေးနှင့် စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားအသက်မွေးဝမ်းကျောင်း လုပ်ကိုင်နေသူများနှင့် ကျပန်းလုပ်သားများသည် ငွေချေးပေးသူထံတွင် အတိုးနှုန်းဖြင့်ငွေချေးခြင်း၊ မိတ်ဆွေနှင့်ဆွေမျိုးများထံမှ အတိုးနှုန်း အသင့်

အတင့်ဖြင့် ချေးငွေအနည်းငယ်သာရရှိပါသည်။ တစ်နိုင်တစ်ပိုင်လုပ်ငန်းမှ စီးပွားဖြစ်လုပ်ကိုင်ကြရန် အခွင့်အလမ်းနည်းပါးပြီး ငွေလုံလောက်မှုမရှိခြင်းနှင့် နည်းပညာ တတ်မြောက်ထားမှု မရှိခြင်းကြောင့် ကျေးရွာ၏ လူမှုစီးပွားသည် အသင့်အတင့်သာ ရှိပါသည်။

၅။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ

(က) ကျေးလက် သယ်ယူပို့ဆောင်ရေး

ကျေးရွာတွင် ကားအငှားလိုက်ခြင်း၊ စက်လှေမောင်းခြင်းလုပ်ငန်းများကို လုပ်ကိုင်နေသည့် အိမ်ထောင်စု အနည်းငယ်ရှိပါသည်။ ကျေးရွာတွင် စက်ဘီး (၄၈) စီး၊ မော်တော် ဆိုင်ကယ် (၄၇) စီး၊ ထော်လာကျီ (၇) စီး၊ ကား (၂) စီး ၊ စက်လှေ(၁)စီးဖြင့် သယ်ယူပို့ဆောင်ရေးကဏ္ဍအတွက် အသုံးပြုနေကြပါသည်။ အုဖွိုလ်ချောင်ကျေးရွာသည် သရက်တောကျေးရွာနှင့် ရွာချင်းဆက်လမ်းဖြစ်သော်လည်း မြေသားလမ်းဖြစ်သောကြောင့် ဗွက်များ ၊ ချို့ငွဲများဖြစ်ခြင်း ၊ကျေးရွာခြင်းဆက် တံတားများ မရှိ၍ ချောင်းကူးရာတွင် အခက်အခဲများရှိခြင်း၊ ကျေးရွာအတွင်း၌လည်း မြေသားလမ်း ဖြစ်သောကြောင့် သွားလာရအခက်အခဲများရှိပါသည်။ ထို့ကြောင့် မိုးတွင်းကာလ၌ ဆိုင်ကယ်၊ ကားများဖြင့် သွားလာ၍မရပါက စက်လှေဖြင့် ကွင်းဆင်း/တက်တွင် ရွာသူ/ရွာသားနှင့် လယ်သမားများ အသုံးပြုကြပါသည်။ သထုံမြို့နယ်နှင့် (၁၁)မိုင်သာ ကွာဝေးသော်လည်း နွေရာသီတွင် ကား၊ဆိုင်ကယ်များနှင့် သွားလာ၍အဆင်ပြေပါသည်။

(ခ) ကျေးရွာ မီးလင်းရေး

အုဖွိုလ်ချောင်ကျေးရွာတွင် မဟာဓါတ်အားလိုင်းနှင့် ချိတ်ဆက်ခြင်းမရှိသောကြောင့် လျှပ်စစ်မီးအသုံးမပြုရသော အိမ်ထောင်စု(၉၀)စုပြီး ၎င်းအိမ်ထောင်စုများသည် ဆိုလာမီးကိုသာ တပ်ဆင်သုံးစွဲနေရပါသည်။ လျှပ်စစ်မီးမရရှိသောကြောင့် ကျောင်းသား/သူများ၏ပညာရေး နှောင့်နှေးမှုရှိခြင်း၊ လူနေမှုစနစ်နိမ့်ကျခြင်းနှင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် အခက်အခဲရှိပါသည်။

(ဂ) သတင်းနှင့် ဆက်သွယ်ရေး

အုဖွိုလ်ချောင်ကျေးရွာတွင် ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်များကို ဖုန်း(၇၃)လုံး၊ တီဗွီ (၄၅)လုံး နှင့် ဂြိုလ်တုစလောင်း(၄၅)လုံးတို့မှ ရရှိပါသည်။ MPT, Telenor ဖုန်းတာဝါတိုင်များသည် ကျေးရွာတွင်မရှိသော်လည်း အင်တာနက်လိုင်းရရှိသောကြောင့် သတင်းနှင့်

ဆက်သွယ်ရေးတွင် အခက်အခဲမရှိဘဲ သတင်း အချက်အလက်များသိရှိနိုင်၍ သဘာဝဘေး အန္တရာယ်မှလည်း ကြိုတင်ကာကွယ်ခြင်း လုပ်ငန်းများ ဆောင်ရွက်နိုင်ပါသည်။

၆။ ပညာရေး

အုဖွိုလ်ချောင်ကျေးရွာတွင် (အ.မ.က)ကျောင်းသာရှိပြီး အလယ်တန်းကျောင်းနှင့် အထက်တန်းကျောင်းမရှိသောကြောင့် အလယ်တန်းနှင့် အထက်တန်းအဆင့်ပညာရေးကို သရက်တောကျောင်း၊ ဒေးဗရိန်းကျောင်း၊ တောင်စွန်းကျောင်းနှင့် သထုံမြို့ပေါ်ရှိ အလယ်တန်း ကျောင်းနှင့် အထက်တန်းကျောင်းများတွင် ဆက်လက်ပညာလေ့လာဆည်းပူးရပါသည်။ မူလတန်းကျောင်းတွင် ကျောင်းဆောင်(၂)ဆောင်ရှိသော်လည်း ကျောင်းဆောင်တစ်ဆောင်မှာ တည်ဆောက်မှုကြာမြင့်ပြီဖြစ်သောကြောင့် အမိုးနံရံများကောင်းမွန်မှုမရှိပါ။ ကျေးရွာရှိမူလတန်း ကျောင်းတွင် ရွာသူ/ရွာသားများသာမက အခြားနီးစပ်ရာကျေးရွာများမှ ရွာသူ/ရွာသားများပါ လာရောက်ပညာသင်ကြားလျက်ရှိပါသည်။ ကျောင်းသုံးပရိဘောဂပစ္စည်းများ လုံလောက်မှု ရှိသော်လည်း ကျောင်းသုံးစာအုပ်နှင့် စာရေးကိရိယာများလုံလောက်မှုမရှိပါ။ ဆရာ/မများလည်း လုံလောက်မှုရှိပါသည်။ စာသင်ကျောင်းရှိ သောက်သုံးရေများလည်း ကောင်းမွန်လုံလောက်၍ အိမ်သာများလည်း သန့်ရှင်းမှုရှိပါသည်။ သထုံမြို့နယ်နှင့် ခရီးအကွာအဝေးနီးကပ်သောကြောင့် တာဝန်ကျရပ်ဝေးမှ ဆရာ/မများ၏ သွားလာရေးလည်း အခက်အခဲမရှိ အဆင်ပြေပါသည်။ ကျေးရွာတွင် စာမတက်မြောက်သူအများစုမှာ သက်ကြီးရွယ်အိုများဖြစ်ကြပါသည်။ မူလတန်း အဆင့်စာတက်မြောက်သူလူဦးရေမှာ(၃၃.၂၃)ရာခိုင်နှုန်း၊ အလယ်တန်းအဆင့်စာတက်မြောက်သူ လူဦးရေမှာ (၇.၄)ရာခိုင်နှုန်း၊ အထက်တန်းအဆင့်စာတက်မြောက်သူ(၁)ဦးနှင့် တက္ကသိုလ်အဆင့် စာတက်မြောက်သူမရှိပါ။ ယခုအချိန်တွင် မိဘများသည် ပညာရေးကဏ္ဍကို စိတ်ပါဝင်စားမှု တိုးတက်လာသဖြင့် ကျေးရွာ၏ အနာဂတ်ကာလအတွက် တိုးတက်မှုများရှိလာနိုင်ပါသည်။

၇။ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး

အုဖွိုလ်ချောင်ကျေးရွာတွင် ဝမ်းပျက်ဝမ်းလျောရောဂါနှင့် သွေးလွန်တုတ်ကွေး ရောဂါများသည် မိုးရာသီတွင် အဖြစ်များသော်လည်း ကျေးလက်ကျန်းမာရေးဌာနခွဲမရှိသောကြောင့် သထုံမြို့ပေါ်ရှိကျန်းမာရေးဆေးခန်းများသို့ သွားရောက်ကုသကြပါသည်။ လိုအပ်သောကာကွယ် ဆေးများအား ထိုးနှံပေးလျက်ရှိပြီး လွန်ခဲ့သောတစ်နှစ်ဝန်းကျင်တွင် ကလေးသူငယ်များအာ ဝက်သက်ရောဂါကာကွယ်ဆေးနှင့် ကိုယ်ဝန်ဆောင်မိခင်များအား မေးခိုင်ကာကွယ်ဆေး ထိုးနှံပေးခဲ့ပါသည်။ ကျေးရွာတွင် ကျန်းမာရေးဌာနခွဲမရှိသဖြင့် အရေးပေါ်အခြေအနေများတွင်

လမ်းပန်းဆက်သွယ်ရေး မကောင်းမွန်မှုကြောင့် သထုံခရိုင်ပြည်သူ့ဆေးရုံကြီးသို့ သွားရောက် ကုသရာတွင် အခက်အခဲအနည်းငယ်ရှိပါသည်။

ကျေးရွာတွင် သောက်သုံးရေများကို ရွာရှိမိုးရေလှောင်ကန်များမှ အဓိကထား အသုံးကြသော်လည်း နွေရာသီတွင် ရေခမ်းသဖြင့် ရေရှားပါမှု ရှိပါသည်။ အုဖွိုလ်ချောင်ကျေးရွာသည် ကွင်းရွာဖြစ်သောကြောင့် စက်ရေတွင်း၊လက်တူးတွင်း တူးဖော်ရန်အခက်အခဲများရှိပါသည်။ ကျေးရွာတွင် သန့်ရှင်းသောယင်လုံအိမ်သာများကို အသုံးပြုကြပြီး မသန့်ရှင်းသောယင်လုံအိမ်သာ အသုံးပြုသည့် အိမ်ထောင်စုအနည်းငယ်သာရှိပါသည်။

၈။ ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး

အုဖွိုလ်ချောင်ကျေးရွာအတွင်းတွင် မိုးရာသီ၌ ရေကြီးနစ်မြုပ်မှုများမရှိသော်လည်း တစ်ခါတစ်ရံ ပင်လယ်ရေကြီးခြင်းကြောင့် ကမ်းပါးပြိုကျ၍ လယ်ကွင်းများအတွင်းမိုးရေဝင်ရောက်မှု များကြောင့် စပါးများပျက်စီးဆုံးရှုံးမှုများရှိပါသည်။ ၎င်းတောင်သူလယ်သမားများသည် သဘာဝဘေး အန္တရာယ်များနှင့် ကြုံတွေ့လာပါက အခြားအိမ်ထောင်စုများထပ်ပို၍ ထိခိုက်ခံစား လွယ်နိုင်ပါသည်။ ဘေးအန္တရာယ် ကြုံတွေ့မှုများရှိလာပါက ကျေးရွာရှိအုပ်ချုပ်ရေးအဖွဲ့ အစည်းများမှ အသိပေးခြင်းနှင့် စောင့်ကြည့်ကြီးကြပ်ခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

အုဖွိုလ်ချောင်ကျေးရွာတွင် နေထိုင်သူများသည် မိသားစုစိတ်ဓါတ်အပြည့်ရှိပြီး စည်းစည်းလုံးလုံးနေထိုင်ကြသောကြောင့် ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အိမ်ထောင်စုများ မရှိပါ။ စီးပွားရေးအလွန်ခက်ခဲသော အိမ်ထောင်စု အနည်းငယ်သာရှိပါသည်။ ကျေးရွာသူ/ သားများ သည် တစ်ဦးကိုတစ်ဦးကူညီရိုင်းပင်းတတ်ခြင်းတို့ကြောင့် ၄င်းမိသားစုများအတွက် ထိခိုက်မှုခံရနိုင် ချေနည်းပါးပါသည်။ ကျေးရွာအတွင်းရှိ အိမ်ထောင်စုအများစုသည် အသက်မွေးဝမ်းကျောင်းလုပ်ငန်း အနေဖြင့် လယ်ယာစိုက်ပျိုးရေးကိုသာ အဓိကထားလုပ်ကိုင်ပြီး ကြုံရာကျပန်းသူများနှင့် ပြည်ပ နိုင်ငံသို့ သွားရောက်လုပ်ကိုင်ကြသော အိမ်ထောင်စုအနည်းငယ်ရှိပါသည်။ ပြည်ပနှင့်အခြားဒေသ များသို့ သွားရောက်လုပ်ကိုင်ကြသော အိမ်ထောင်စုများသည် အသက်မွေးဝမ်းကျောင်းလုပ်ကိုင်ရန် အခွင့်အလမ်းနည်းပါးခြင်း၊ အသက်မွေးမှုနည်းပညာ အားနည်းခြင်းနှင့် ပညာတက်မြောက်မှု နည်းပါး ခြင်းတို့ကြောင့် အခြားဒေသများသို့သွားရောက်လုပ်ကိုင်ကြရပါသည်။စားနပ်ရိက္ခာမပို့လျှံသော်လည်း ဖူလုံမှု ရှိပါသည်။ စိုက်ပျိုးရေရှားပါးခြင်း၊ ရေကြီးခြင်း၊မိုးခေါင်ခြင်း၊အအေးလွန်ကဲခြင်းစသည့်သဘာဝ ဘေးအန္တရာယ် များမရှိသော်လည်း နွေရာသီတွင် အပူလွန်ကဲမှုကြောင့် သောက်သုံးရေရှားပါးခြင်းကို တစ်ခါတစ်ရံ ကြုံတွေ့ရပါသည်။ ကြက်၊ဝက်၊နွား၊ဆိတ်တို့မှ တစ်ခါတစ်ရံ လျှာနာ ခွာနာရောဂါ

ဖြစ်တတ်ပါသည်။ ရွာသူ/ သားများသည် စည်းစည်းလုံးလုံးနှင့် အေးချမ်းစွာနေထိုင်ကြသဖြင့် အမှု အခင်းနှင့် ပြည်တွင်းပဋိပက္ခများမရှိခဲ့ပါ။

၉။ ကျား-မ ရေးရာ ကိစ္စရပ်ဆိုင်ရာ

အုဖွိုလ်ချောင်ကျေးရွာ၏ ကျေးရွာစီမံအုပ်ချုပ်ရေးတွင် အမျိုးသမီးများပါဝင် လုပ်ဆောင်ခြင်း မရှိသော်လည်း ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် ဘာသာရေးဆိုင်ရာ ကိစ္စရပ် များတွင် အမျိုးသမီးများ တက်ကြွစွာ ပါဝင်ဆောင်ရွက်ကြပါသည်။ ကျေးရွာတွင် အမျိုးသမီးများအား အကြမ်းဖက်မှုမရှိသော်လည်း အမျိုးသမီးရေးရာအကြမ်းဖက်မှုနှင့် တရားမျှတမှုဆိုင်ရာများအတွက် လူထု၏ အသိအမြင်များအားနည်းကြပါသည်။ အမျိုးသမီးများအား အကြမ်းဖက်ခြင်း၊အနိုင်ကျင့်ခြင်း၊ ခွဲခြားဆက်ဆံခြင်း များမရှိဘဲ အမျိုးသမီးများနှင့်အမျိုးသားများသည် စည်းစည်းလုံးလုံးရှိပြီး ကျေးရွာ အတွက် အမျိုးသမီးများသည် များစွာ အထောက်အကူပြုလျက် ရှိပါသည်။

၁၀။ ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ

ကျေးရွာအုပ်စုအမည် – အုဖွဲ့လ်ချောင်ကျေးရွာအုပ်စု			ကျေးရွာအမည် – အုဖွဲ့လ်ချောင်ကျေးရွာ	
စဉ်	ကဏ္ဍ	စီမံချက်ဆိုလိုရင်း	စီမံချက်နှင့်လုပ်ငန်းစဉ်များ	မှတ်ချက်
၁	ကျန်းမာရေး	ခြံစည်းရိုး	မြေသားရေကန်ခြံစည်းရိုးကာရံခြင်း(၅၅၀'x၆'-၆")	ဦးစားပေး၁
၂	အခြေခံအဆောက်အဦ	ကျေးလက် လမ်းတံတား	ရွာတွင်းလမ်း(၁၅၀၀'x၁၈') ကွန်ကရစ်ခင်းခြင်း။	ဦးစားပေး၂
၃	လျှပ်စစ်	ဆိုလာမီးတိုင်	ဆိုလာလမ်းမီးတိုင်အသစ်(၃၇)တိုင်တပ်ဆင်ခြင်း။	ဦးစားပေး၃
၄	ကျန်းမာရေး	ဆေးခန်း	ကျေးလက်ဆေးပေးခန်းတည်ဆောက်ခြင်း။	ဦးစားပေး၄
၅	အခြေခံအဆောက်အဦ	ကျေးလက် လမ်းတံတား	အုဖွဲ့လ်ချောင် ချောင်းကူးတံတားအသစ် တည်ဆောက်ခြင်း	ဦးစားပေး၅

အုဖွိုလ်ချောင်ကျေးရွာ၊ အုဖွိုလ်ချောင်အုပ်စု၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း

စဉ်	အမည်	အဘအမည်	မှတ်ပုံတင်အမှတ်	အသက်	တာဝန်	ဖုန်းနံပါတ်
၁	ဦးအောင်လွင်ဦး	ဦးလှိုင်ဝင်း	၁၀/သထန (နိုင်) ၁၃၅၀၀၆	၅၁	ဥက္ကဋ္ဌ	၀၉၇၇၂၉၆၂၈၃၇
၂	ဦးသန်းစိုး	ဦးဝင်းနယား	၁၀/သထန (နိုင်)၂၁၄၈၃၇	၃၈	အတွင်းရေးမှူး	၀၉၇၇၄၉၅၅၃၂၅၅
၃	ဦးထွန်းအောင်	ဦးအောင်နိုင်	၁၀/သထန (နိုင်) ၁၃၅၀၁၃	၅၁	ဘဏ္ဍာရေးမှူး	-
၄	ဒေါ်မေပုလဲ	ဦးလှိုင်ဝင်း	၁၀/သထန (နိုင်)၂၇၁၁၁၉	၂၀	စာရင်းကိုင်	၀၉၆၆၁၂၁၇၅၀
၅	ဒေါ်စုစုခိုင်	ဦးအောင်ငွေ	၁၀/သထန (နိုင်)၂၉၁၆၇၅	၂၂	သော့ကိုင်(၁)	၀၉၇၆၄၈၀၇၃၂၅
၆	ဒေါ်စန်းစန်းမော်	ဦးထွန်းမြင့်			သော့ကိုင်(၂)	
၇	ဦးအောင်ဝင်း	ဦးစိုးမြင့်	၁၀/သထန (နိုင်) ၁၄၆၃၆၂	၅၄	အဖွဲ့ဝင်	၀၉၆၇၁၀၂၃၄၇၇
	ဝယ်ယူရေးကော်မတီ					
၁	ဦးအောင်ဝင်း				ဥက္ကဋ္ဌ	
၂	ဒေါ်စန်းစန်းမော်				ဘဏ္ဍာရေးမှူး	
၃	ဒေါ်စုစုခိုင်				စာရင်းကိုင်	

ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ

(၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ

(က) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း	မသန်စွမ်းသူ အရေအတွက်	
					ကျား	မ
၁ နှစ် အောက်	နို့စို့အရွယ်	၄	၂	၆	-	-
၁ နှစ်မှ ၄ နှစ်	၅ နှစ်အောက်ကလေးငယ်	၁၄	၁၂	၂၆	-	-
၅ နှစ်မှ ၉ နှစ်	မူလတန်းကျောင်းသားအရွယ်	၂၂	၂၁	၄၃	-	-
၁၀ နှစ်မှ ၁၄ နှစ်	အလယ်တန်းကျောင်းသားအရွယ်	၁၄	၁၉	၃၃	-	-
၁၅ နှစ်မှ ၆၄ နှစ်	အလုပ်လုပ်နိုင်သည့်အရွယ်	၁၅၇	၁၅၀	၃၀၇	၁	၁
၆၅ နှစ် အထက်	သက်ကြီးရွယ်ကြီး	၃	-	၃	-	-
စုစုပေါင်း		**၂၁၃**	**၂၀၅**	**၄၁၈**	**၁**	**၁**
စုစုပေါင်း အိမ်ထောင်စု		**၉၀**				

ရင်းမြစ်...(၁) **အိမ်ထောင်စုစာရင်း ကောက်ယူမှု၊** (၂) **ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး၊** (၃) **ဆယ်အိမ်စုဆွေးနွေးပွဲ။**

လေ့လာတွေ့ရှိချက်။ ။ အုဖွဲ့လ်ချောင်ကျေးရွာတွင် အိမ်ထောင်စု (၁၀၂) စု၊အိမ်ခြေ(၉၀)အိမ်၊ လူဦးရေ(၄၁၈) ဦးရှိပါသည်။ အုဖွဲ့လ်ချောင်ကျေးရွာတွင် အလုပ်မလုပ်နိုင်သည့် တစ်နှစ်အောက် နို့စို့အရွယ် (၁.၄၄%)၊ ၅ နှစ်အောက်ကလေးငယ်(၆.၂၂%)၊ မူလတန်းကျောင်းသားအရွယ်(၁၀.၂၉%)၊ အလယ်တန်းကျောင်းသားအရွယ်(၇.၈၉%)၊ အလုပ်လုပ်နိုင်သည့်အရွယ်(၇၃.၄၄%)၊ သက်ကြီးရွယ်ကြီးအရွယ် (၀.၇၁%) ရှိပါသည်။ ပျမ်းမျှအနေဖြင့် အလုပ်မလုပ်နိုင်သည့် လူဦးရေသည် တစ်ရွာလုံးရှိလူဦးရေ၏ (၂၆.၅၆)% ရှိပြီး အလုပ်လုပ်နိုင်သည့် အရွယ် ကျား (၁၅၇) ဦး၊ မ (၁၅၀) ဦး စုစုပေါင်း (၃၀၇) ဦးရှိပြီး တစ်ရွာလုံး လူဦးရေ၏ (၇၃.၄၄%) ရှိပါသည်။ ထို့ကြောင့် ကျေးရွာအတွင်း အလုပ်လုပ်နိုင်သောလူဦးရေ များပြားမှုကြောင့် လူသားအရင်းအမြစ်ကောင်းများအဖြစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် ထောက်ပံ့မှုပေးနိုင်ကြောင်း လေ့လာတွေ့ရှိရပါသည်။ ကျေးရွာတွင် မသန်စွမ်းသူ ကျား(၁)ဦးရှိသည် ကို လေ့လာတွေ့ရှိရပါသည်။

(ခ) အလုပ်လုပ်နိုင်သူ အင်အား

(ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

စဉ်	လုပ်ငန်းများ	အဓိကအလုပ်အကိုင်					အဓိက ဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ(ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီး မှန်ရာတစ်ခုကို သာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
စိုက်ပျိုးစီးပွားလုပ်ငန်းများ								
၁	လယ်ယာစိုက်ပျိုးရေး							
	ကိုယ်ပိုင်လုပ်ငန်း	၅၁	၁၂၆	၁၂	၈၅	၄၁	၂	မြင့် □ လတ် ✓ နိမ့် □
	အလုပ်သမား/ဝန်ထမ်း							မြင့် □ လတ် □ နိမ့် □
၂	တိရိစ္ဆာန်မွေးမြူရေး							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် □ လတ် □ နိမ့် □
	အလုပ်သမား/ဝန်ထမ်း							မြင့် □ လတ် □ နိမ့် □
၃	ငါးလုပ်ငန်း(ရေချို/ရေငန်ငါး/ပုစွန်စသော ရေသတ္တဝါများ ဖမ်းခြင်း၊မွေးမြူခြင်း)							
	ကိုယ်ပိုင်လုပ်ငန်း	၁					၁	မြင့် □ လတ် □ နိမ့် □
	အလုပ်သမား/ဝန်ထမ်း							မြင့် □ လတ် □ နိမ့် □
၄	သစ်တောလုပ်ငန်း							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် □ လတ် □ နိမ့် □
	အလုပ်သမား/ဝန်ထမ်း							မြင့် □ လတ် □ နိမ့် □
စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ								

၅	သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း							
	ကိုယ်ပိုင်လုပ်ငန်း							မြင့်□လတ်□ နိမ့် □
	အလုပ်သမား/ဝန်ထမ်း							မြင့်□လတ်□ နိမ့် □
၆	ထုတ်ကုန်လုပ်ငန်း							
	ကိုယ်ပိုင်လုပ်ငန်း							မြင့်□လတ်□ နိမ့် □
	အလုပ်သမား/ဝန်ထမ်း							မြင့်□လတ်□ နိမ့် □
၇	လျှပ်စစ်၊ ဓာတ်ငွေ့နှင့် ရေပေးဝေရေး							
	ကိုယ်ပိုင်လုပ်ငန်း							မြင့်□လတ်□ နိမ့် □
	အလုပ်သမား/ဝန်ထမ်း							မြင့်□လတ်□ နိမ့် □
၈	ဆောက်လုပ်ရေး၊လက်သမား၊ ပန်းရံလုပ်ငန်း							
	ကိုယ်ပိုင်လုပ်ငန်း							မြင့်□လတ်□ နိမ့် □
	အလုပ်သမား/ဝန်ထမ်း	၁၄	၃၆	-	၁၆	၂၀	-	မြင့်□ လတ်✓ နိမ့် □
၉	ယာဉ်၊စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး							
	ကိုယ်ပိုင်လုပ်ငန်း							မြင့်□လတ်□ နိမ့် □
	အလုပ်သမား/ဝန်ထမ်း							မြင့်□လတ်□ နိမ့် □
၁၀	ကျွမ်းကျင်ပညာရှင်များ(ဆံပင်၊အလှပြင်၊အပ်ချုပ်၊အင်ဂျင်နီယာ၊သင်တန်းပေးသူစသည်)							
	ကိုယ်ပိုင်	-						မြင့်□လတ်□

	လုပ်ငန်း							နိမ့် □
	အလုပ်သမား/ဝန်ထမ်း	၁	၃	-	၂	၁		မြင့် □ လတ် ✓ နိမ့် □
၁၁	လက်လီ၊လက်ကားရောင်းဝယ်ရေး							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် □ လတ် □ နိမ့် □
	အလုပ်သမား/ဝန်ထမ်း	၅	၅	၁	-	၅	၁	မြင့် □ လတ် ✓ နိမ့် □
၁၂	ဟိုတယ်နှင့်စားသောက်ဆိုင်လုပ်ငန်း							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် □ လတ် □ နိမ့် □
	အလုပ်သမား/ဝန်ထမ်း							မြင့် □ လတ် □ နိမ့် □
၁၃	ပို့ဆောင်ရေး၊သိုလှောင်ရေးနှင့် ဆက်သွယ်ရေး							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် □ လတ် □ နိမ့် □
	အလုပ်သမား/ဝန်ထမ်း	၁	၂	-	၂	-	-	မြင့် □ လတ် ✓ နိမ့် □
၁၄	ငွေချေးဝန်ဆောင်မှုလုပ်ငန်း(ဘဏ်နှင့် ငွေချေးခြင်းအပါအဝင် ငွေကြေးဝန်ဆောင်မှုလုပ်ငန်း)							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် □ လတ် □ နိမ့် □
	အလုပ်သမား/ဝန်ထမ်း							မြင့် □ လတ် □ နိမ့် □
၁၅	အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ဌားရမ်းခြင်းနှင့် ဆက်စပ်သောလုပ်ငန်းများ							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် □ လတ် □ နိမ့် □

	အလုပ်သမား/ဝန်ထမ်း							မြင့်□လတ်□ နိမ့် □
၁၆	ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ(အုပ်ချုပ်ရေး၊ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)							
	ကိုယ်ပိုင်လုပ်ငန်း							မြင့်□လတ်□ နိမ့် □
	အလုပ်သမား/ဝန်ထမ်း						-	မြင့်□ လတ်□ နိမ့် □
၁၇	ပညာရေး							
	ကိုယ်ပိုင်လုပ်ငန်း							မြင့်□လတ်□ နိမ့် □
	အလုပ်သမား/ဝန်ထမ်း							မြင့်□ လတ်□ နိမ့် □
၁၈	ကျန်းမာရေး							
	ကိုယ်ပိုင်လုပ်ငန်း							မြင့်□လတ်□ နိမ့် □
	အလုပ်သမား/ဝန်ထမ်း							မြင့်□ လတ်□ နိမ့် □
၁၉	လူမှုရေးလုပ်ငန်းများ							
	ကိုယ်ပိုင်လုပ်ငန်း							မြင့်□လတ်□ နိမ့် □
	အလုပ်သမား/ဝန်ထမ်း							မြင့်□ လတ်✓ နိမ့် □
၂၀	အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည်မဖော်ပြနိုင်သောလုပ်ငန်းများ							
	ကိုယ်ပိုင်လုပ်ငန်း							မြင့်□လတ်□ နိမ့်□
	အလုပ်သမား/ကျပ	၃၃	၁၂၂	-	၆၂	၆၀		မြင့်□ လတ်✓

	နိုင်/ရာသီအလိုက်အလုပ်သမား							နိမ့် ☐
၂၁	ပြင်ပအဖွဲ့စည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐လတ် ☐ နိမ့် ☐
	အလုပ်သမား/ဝန်ထမ်း							မြင့် ☐ လတ် ✓ နိမ့် ☐
	စုစုပေါင်း							☒

ရင်းမြစ် ... (၁) **အိမ်ထောင်စုစာရင်း ကောက်ယူမှု၊** (၂) **ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။**

မှတ်ချက်။ ။**"အခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူများ"** အရေအတွက်တွင် **"မိသားစုဝင်လုပ်အား" ထပ်မံ ထည့်သွင်း**ကောက်ယူခြင်း မပြုရပါ။ **"ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်)"** ဆိုသည်မှာ ဖော်ပြပါ လုပ်ငန်းတစ်ခုတွင် ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ဝန်ထမ်းအဖြစ် လုပ်ကိုင်လိုသူ များအတွက် အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှု အခြေအနေကို ဆိုလိုပါသည်။ ဥပမာ -**"စိုက်ပျိုးရေး"** ကဏ္ဍ ၏ **"ကိုယ်ပိုင်လုပ်ငန်း"**တွင် ရပ်တည်နိုင်မှု "**မြင့်**" ဆိုပါက အဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်း တစ်ခု လုပ်ကိုင်ရန် အခွင့်အလမ်းများနေသည်ဟု ဆိုလိုပါသည်။

လေ့လာတွေ့ရှိချက်။ ။ အုဖွိုလ်ချောင်ကျေးရွာသည် စိုက်ပျိုးရေးကို အဓိကထားလုပ်ကိုင်သူ ဦးရေများပြားပါသည်။ ငါးမွေးမြူရေးလုပ်ငန်း လုပ်ကိုင်သည့် အိမ်ထောင်စု(၁)စုရှိပါသည်။ ကျေးရွာတွင် မိုးတွင်းကာလအတွင်း ကုန်းလမ်းမှာ သွားလာရခက်ခဲသောကြောင့် ရေလမ်းကြောင်းခရီးဖြင့် အသက်မွေးဝမ်းကျောင်း လုပ်ကိုင်သည့်လူဦးရေ အနည်းငယ်ရှိပါသည်။ တစ်နိုင်တစ်ပိုင် စျေးဆိုင်များဖွင့်ထားသည့် အိမ်ထောင်စုနှင့် ကျပန်းလုပ်ကိုင်သည့် အိမ်ထောင်စုများလည်းရှိပါသည်။ ထို့အပြင် ကျေးရွာတွင်အလုပ်အကိုင် အခွင့်အလမ်းနည်းပါး သောကြောင့် အခြားပြည်ပနိုင်ငံများတွင် သွားရောက်လုပ်ကိုင်သည့် အိမ်ထောင်စုများ လည်းရှိပါသည်။ ကျေးရွာရှိပြည်သူများ၏ ဝင်ငွေရ လုပ်ငန်းများနည်းပါး၍ မိသားစုဘဝရပ်တည်နိုင်မှု အဆင့်အတန်းမှာ နိမ့်ကျနေပါသည်ကို လေ့လာတွေ့ရှိရပါသည်။

(ခ-၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

ဇယား (၃) **လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား**

စဉ်	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၁	လယ်ယာစိုက်ပျိုးရေး	နေ့စား	၁၀၀၀၀	၈၀၀၀	၈၀၀၀	၆၀၀၀
၂	တိရစ္ဆာန်မွေးမြူရေး	နေ့စား	-	-	-	-
၃	ငါးလုပ်ငန်း (ရေချို/ရေငန် ငါးဖမ်း ခြင်း၊ မွေးမြူခြင်း)	နေ့စား	-	-	-	-
၄	သတ္တုတူးဖော်ရေး၊ကျောက်ထုတ် လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း	နေ့စား	-	-	-	-
၅	ထုတ်ကုန်လုပ်ငန်း	နေ့စား	-	-	-	-
၆	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း	နေ့စား	၁၂၀၀၀	၁၀၀၀၀	၁၀၀၀၀	၈၀၀၀
၇	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်း များ ပြင်ဆင်ရေး	နေ့စား	-	-	-	-
၈	လက်လီ-လက်ကား ရောင်းဝယ်ရေး	နေ့စား	၁၀၀၀၀	၆၅၀၀	၈၀၀၀	၅၀၀၀
၉	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်)	နေ့စား	-	-	-	-
၁၀	ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း	နေ့စား	-	-	-	-

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။

မှတ်ချက် (၁) **လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ** = (**လစာ** ÷ ၂၂.၇၅)

(၂) **နာရီတွက်ဖြင့် ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ** = (**တစ်နာရီဝင်ငွေ** × ၈)

လေ့လာတွေ့ရှိချက်။ ။ အုဖွဲ့လိုချောင်ကျေးရွာ၏ အလုပ်ဝင်ငွေရရှိမှုမှာ ယောကျ်ားလေး၏ ဝင်ငွေသည် မိန်းကလေး၏ဝင်ငွေထက် အနည်းငယ်ပိုမိုရရှိပါသည်။ အဘယ်ကြောင့်ဆိုသော် ယောကျ်ားလေးများ၏ လုပ်ကိုင်မှုစွမ်းရည်သည် မိန်းကလေးများထက် သာလွန်ပြီး အလုပ်လိုအပ်ချက်မှာ ယောကျ်ားလေးများကိုသာ အဓိကအားထားရသောကြောင့် လုပ်ငန်းကျွမ်းကျင်မှုအပေါ်

မူတည်ပြီး ကျား/မဝင်ငွေ ကွာခြားရခြင်းဖြစ်ပါသည်။ ထို့အပြင် ပြည်ပတွင်သွားရောက်လုပ်ကိုင်သူများ၏ လုပ်ငန်းကို မသိရှိသောကြောင့် လုပ်အားခပမာဏမသိရှိသည်ကို လေ့လာတွေ့ရှိရပါသည်။

(ဂ) သဘာဝရင်းမြစ်များ

(ဂ-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာ အရည်အသွေး (မှန်ရာတစ်ခုကိုသာ ရွေးရန်)		
လယ်မြေ	၇၃၈	ကောင်း ☐	သင့်✓	ညံ့ ☐
ယာမြေ / တောင်ယာမြေ	-	ကောင်း ☐	သင့်☐	ညံ့ ☐
ဥယျာဉ်ခြံမြေ	-	ကောင်း☐	သင့်☐	ညံ့ ☐
ကိုင်း/ကျွန်းမြေ	-	ကောင်း ☐	သင့်☐	ညံ့ ☐
ခနိတောမြေ	-	ကောင်း ☐	သင့်☐	ညံ့ ☐
စားကျက်မြေ	-	ကောင်း ☐	သင့်☐	ညံ့ ☐
မြေလွတ် မြေလပ်	-	ကောင်း ☐	သင့်☐	ညံ့ ☐
စုစုပေါင်း	၇၃၈	☒		

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။ မြေလွတ်မြေလပ် ဆိုသည်မှာ ယခင်က သီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုး ကြောင့် စွန့်လွတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသော စိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့် မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကို ဆိုသည်။

လေ့လာတွေ့ရှိချက်။ ။ အုဖွဲ့လိုလျောင်ကျေးရွာတွင် လယ်မြေဧက(၇၃၈)ဧကခန့်ရှိပြီး ကျေးရွာရှိ ရွာသူ/သား အများစုသည် လယ်လုပ်ငန်းကိုသာ အဓိကထားလုပ်ကိုင်ကြပါသည်။ လယ်မြေများ၏ မြေဆီအရည်အသွေးမှာ အသင့်အတင့်ကောင်းမွန်သည်ကို တွေ့ရှိရပြီး မြေလွတ်မြေလပ်၊ စားကျက်၊ ကိုင်း၊ကျွန်း၊ယာမြေများမရှိကြောင်းကို လေ့လာတွေ့ရှိရပါသည်။

(ဂ-၂) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

အမျိုးအစား	ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အသုံးချနိုင်မှု (မှန်ရာတစ်ခုကို သာ ရွေးရန်)	လွန်ခဲ့သော(၁၀)နှစ်က အခြေအနေ(မှန်ရာတစ်ခုကိုသာရွေးရန်)
သတ္တုနှင့်အခြားတွင်းထွက် သယံဇာတများ (ဓာတ်ငွေ့၊ ရေနံ၊ကျောက်မျက်စသည်)	များ □ သင့်□ နည်း □ မရှိ ✓	လွယ် □ ခက်□ အသုံးမပြုနိုင်ပါ □	လျော့ □ တိုး□ အပြောင်းအလဲမရှိပါ □
ကျောက်၊ သဲ၊ ကျောက်စရစ် စသည်များ	များ □ သင့်□ နည်း □ မရှိ ✓	လွယ် □ ခက်□ အသုံးမပြုနိုင်ပါ □	လျော့ □ တိုး□ အပြောင်းအလဲမရှိပါ □
သဘာဝအပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ)	များ □ သင့်□ နည်း □ မရှိ ✓	လွယ် □ ခက်□ အသုံးမပြုနိုင်ပါ □	လျော့ □ တိုး□ အပြောင်းအလဲမရှိပါ □
သဘာဝ တိရစ္ဆာန်မျိုးစိတ်များ	များ □ သင့်□ နည်း □ မရှိ ✓	☒	လျော့ □ တိုး□ အပြောင်းအလဲမရှိပါ □
ရေ-မြေပေါ်ရေ (အင်း၊အိုင်၊ကန်၊ချောင်း၊မြစ်၊စိမ့်စမ်း)	များ □ သင့်✓ နည်း □ မရှိ □	လွယ်✓ ခက်□ အသုံးမပြုနိုင်ပါ □	လျော့ □ တိုး✓ အပြောင်းအလဲမရှိပါ □
ရေ-မြေအောက်ရေ (တွင်းတိမ်၊တွင်းနက်၊လက်တူးတွင်း)	များ □ သင့်□ နည်း □ မရှိ ✓	လွယ် □ ခက်□ အသုံးမပြုနိုင်ပါ □	လျော့ □ တိုး□ အပြောင်းအလဲမရှိပါ □
သစ်တော-အပူပိုင်းသစ်တော	များ □ သင့်□ နည်း □ မရှိ ✓	လွယ် □ ခက်□ အသုံးမပြုနိုင်ပါ □	လျော့ □ တိုး□ အပြောင်းအလဲမရှိပါ □
သစ်တော-ဒီရေတောများ	များ □ သင့်□ နည်း □ မရှိ ✓	လွယ် □ ခက်□ အသုံးမပြုနိုင်ပါ □	လျော့ □ တိုး□ အပြောင်းအလဲမရှိပါ □

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ အုဖွိုလ်ချောင်ကျေးရွာတွင် ကျောက်၊သဲနှင့် ကျောက်စရစ်များကို ကျေးရွာ၏အနီးတွင်မရှိသော်လည်း ကရင်ပြည်နယ်၊ ဘားအံမြို့နှင့် မြိုင်ကလေး လှာကာကျေးရွာ၊ ဘီးလင်းကျေးရွာတို့တွင် အလွယ်တကူဝယ်ယူရရှိနိုင်ပါသည်။ ကျေးရွာတွင် အုဖွိုလ်ချောင်ချောင်း၊

သရက်တောချောင်းနှင့် ဘရိန်ကန်ချောင်းများရှိပြီး ရေကန်(၄)ကန်ရှိသောကြောင့် သောက်သုံးရေ ပူလုံမှုရှိသည်ကို အလွယ်တကူလေ့လာတွေ့ရှိရပါသည်။

(ဃ) ဥစ္စာဓနအဆင့် အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

အကြောင်း အရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိသောအိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည်သောအိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	(၁၄မှ ၄၀)ဧက	(၄ မှ ၁၀) ဧက	မရှိ	မရှိ
အိမ်အခြေအနေ	အုတ်ကာ၊နှစ်ထပ်ပျဉ်ထောင်ပျဉ်ခင်း၊သွပ်မိုး	ဖက်မိုး၊ ပျဉ်ထောင်/ခင်း	ဖက်မိုး/ဖက်ကာ၊ သစ်တိုင်/ဝါးခင်း	ဖက်မိုးဖက်ကာ၊ ဝါးအခင်း
ကုန်ထုတ်လုပ်မှုနှင့်ဆိုင်သော ပိုင်ဆိုင်မှု	ကား၊ဆိုင်ကယ်၊ စက်လှေ လက်တွန်းစက်ထော်လာဂျီ	-	-	-
အဓိကစီးပွားရေး လုပ်ငန်း	လယ်၊စက်လှေ၊ ကားမောင်း	လယ်၊ စျေးရောင်း	ကြံရာကျပန်း၊ ထိုင်း	ကြံရာကျပန်း၊ ထိုင်း
အိမ်ထောင်စု	၂၀	၃၂	၁၆	၂၂

ရင်းမြစ် ... (၁) **ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။**

လေ့လာတွေ့ရှိချက်။ ။ အုဖွိုလ်ချောင်ကျေးရွာတွင် အဆင်ပြေသော အိမ်ထောင်စုများသည် ဝင်ငွေစီးပွားအသင့်အတင့်ရှိပြီး သွပ်မိုး၊ ပျဉ်ထောင်/ခင်း၊ အုတ်ခံ(၂)ထပ်အိမ်များဖြင့် နေထိုင်ကြပြီး ဆိုင်ကယ်၊ ကား၊ လက်တွန်းစက်နှင့် ထော်လာဂျီ ပိုင်ဆိုင်ကြပြီး လယ်ယာလုပ်ငန်း လုပ်ကိုင်ကြသည့် အိမ်ထောင်စုများရှိပါသည်။ စီးပွားရေး အလယ်အလတ်ရှိသောအိမ်ထောင်စုများသည့် ဖက်မိုး၊ ပျဉ်ထောင်/ခင်း အိမ်များဖြင့်နေထိုင်ကြပြီး လယ်လုပ်ငန်းနှင့် စျေးရောင်းခြင်းလုပ်ငန်း လုပ်ကိုင်ကြပါသည်။ မပြေလည်သော အိမ်ထောင်စုများနှင့် အလွန်မပြေလည်သော အိမ်ထောင်စုများမှာ ဝင်ငွေစီးပွားနည်းပါးပြီး ဖက်မိုး၊ ဖက်ကာ၊ သစ်တိုင်၊ ဝါးခင်းအိမ်များဖြင့်နေထိုင်ကြပြီး ပြည်ပနိုင်ငံနှင့် ကြံရာကျပန်းလုပ်ကိုင်ခြင်းဖြင့် အသက်မွေးဝမ်းကျောင်း လုပ်ငန်းများ လုပ်ကိုင်ကြသည်ကို လေ့လာတွေ့ရှိရ ပါသည်။

(င) ထိခိုက်လွယ်မှု

(ဂ-၁) ဝမ်းစာ ဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီ)

အချိန်ကာလ	အိမ်ထောင်စု အရေအတွက်	ဖြေရှင်းသည့် နည်းဗျူဟာ (ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်)
၃ လအောက် ဝမ်းစာဖူလုံမှု		အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = _____ လုပ်အားခကြိုယူ = _____
၃ လနှင့် ၆ လကြား ဝမ်းစာဖူလုံမှု		အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = _____ လုပ်အားခကြိုယူ = _____
၆ လ မှ ၁၂ လအထိ ဝမ်းစာဖူလုံမှု		အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = _____ လုပ်အားခကြိုယူ = _____

ရင်းမြစ်..ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။ ။.....

.....

.....

.....

(ဂ-၂) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

အကြောင်းအရာ	ကျား	မ	ပေါင်း

အကြောင်းအရာ	ကျား	မ	ပေါင်း
မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ၆၄ နှစ်နှင့်အထက်			
မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ်			
	အိမ်ထောင်စု အရေအတွက်		
ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု	၁၂		
ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ် အိမ်ထောင်စု	-		
အခြားဒေသသို့ ကြာမြင့်စွာ သွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု	၂		

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ အုဖွိုလ်ချောင်ကျေးရွာတွင် ကူညီစောင့်ရှောက်မှု အထူးလိုအပ်သည့် ဆင်းရဲသည့်အိမ်ထောင်စုများ မရှိသော်လည်း အများစုသည် ဆွေမျိုးတော်စပ်ကြသောကြောင့် အရေးပေါ်ကိစ္စရပ်များတွင် တစ်ဦးနှင့်တစ်ဦး ဝိုင်းဝန်းကူညီကြသောကြောင့် ထိခိုက်လွယ်မှု အခြေအနေမရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

(ငေ-၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

စဉ်	ထိခိုက်လွယ်မှု အမျိုးအစား	ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်)			စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့် လိုက်လျောညီထွေဖြစ်စေမည့် အစီအမံများ)		
	သဘာဝဘေးအန္တရာယ်များ	နိမ့်	လတ်	မြင့်	နိမ့်	လတ်	မြင့်
၁	မြစ်ရေကြီးမှု						
၂	လျှပ်တပြတ်ရေကြီးခြင်း		✓				✓
၃	မုန်တိုင်းဒီရေ						
၄	ဆူနာမီ						
၅	တိုင်ဖုန်းမုန်တိုင်း						
၆	လေဆင်နာမောင်း						

စဉ်	ထိခိုက်လွယ်မှု အမျိုးအစား	ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်)			စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့် လိုက်လျောညီထွေဖြစ်စေ မည့် အစီအမံများ)		
၇	ငလျင်						
၈	အပူလှိုင်း						
၉	စိုက်ပျိုးမြေများတွင်ရေငန်ဝင်ရောက်မှု		✓				✓
၁၀	အအေးလှိုင်း						
၁၁	မိုးသီးကြွေကျမှု						
၁၂	မိုးခေါင်ခြင်း						
၁၃	တောမီးလောင်ခြင်း						
၁၄	မြစ်ကမ်းပါးပြိုခြင်း						
၁၅	ကန်းရိုးတန်းတိုက်စားမှု		✓				✓
၁၆	မြေပြိုခြင်း						
	လူကြောင့်ဖြစ်တဲ့ဘေးအန္တရယ်များ	နိမ့်	လတ်	မြင့်	နိမ့်	လတ်	မြင့်
၁၇	စားနပ်ရိက္ခာမဖူလုံမှု						
၁၈	သဘာဝအရင်းအမြစ်ရှားပါးမှု (မြေ၊ ရေ)						
၁၉	မြေပြိုခြင်း၊ မြေဆီလွှာပျက်စီးခြင်း						
၂၀	သစ်တောပြုန်းတီးခြင်း						
၂၁	ငှက်ဖျားရောဂါ						
၂၂	တီဘီရောဂါ						
၂၃	ကိုယ်ခံအားကျဆင်းမှုရောဂါ						
၂၄	ကပ်ရောဂါ						
၂၅	ပြည်တွင်း ပဋိပက္ခ						
၂၆	တိရစ္ဆာန် ကူးစက်ရောဂါကျရောက်မှု		✓				✓
၂၇	လူကုန်ကူးခြင်း						
၂၈	ဝေးလံခေါင်သီ/လမ်းပန်းဆက်သွယ်ရေး ခက်ခဲ စသည်						

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ အုဖွိုလ်ချောင်ကျေးရွာသည် ဆန်စပါးစိုက်ပျိုးရေးကိုသာ အဓိကထား လုပ်ကိုင်နေကြပြီး မိုးရေဖြစ်သာ စိုက်ပျိုးကြပါသည်။ တစ်ခါတစ်ရံ မိုးများသောကြောင့် စပါး အနည်းငယ်ပျက်စီးဆုံးရှုံးမှုရှိပါသည်။ တစ်ခါတစ်ရံပင်လယ်ရေကြီးခြင်းကြောင့် ကမ်းပါးပြိုကျ၍ လယ်ကွင်းထဲသို့ ရေငံဝင်ရောက်မှု ရှိသဖြင့် စပါးအသင့်အတင့် ပျက်စီးဆုံးရှုံးမှု ရှိပါသည်။ ကျေးရွာသူ/ သားများသည် စည်းစည်းလုံးလုံးနှင့် အတူအကွ နေထိုင်ကြသဖြင့် ပြည်တွင်း ပဋိပက္ခများမရှိပါ။ ရာသီကူးပြောင်းချိန်တွင် ခွာနာ၊လျှာနာရောဂါစသည့် တိရိစ္ဆာန် ရောဂါများ ဖြစ်ပွားမှု အနည်းငယ် ရှိပါသည်။ ဆိတ်၊ နွားများတွင် ရောဂါများ ဖြစ်ပွားမှု အနည်းငယ်ရှိပါသည်။ ကျေးရွာတွင် လူကုန်ကူးမှုနှင့် ကပ်ရောဂါဖြစ်ပွားမှု မရှိသည်ကို လေ့လာတွေ့ရှိရပါသည်။

(၄-၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

စဉ်	ထိခိုက်လွယ်မှု အမျိုးအစား	ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာ ရွေးရန်)			စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့် လိုက်လျောညီထွေဖြစ်စေမည့် အစီအမံများ)		
	သဘာဝဘေးအန္တရာယ်များ	နိမ့်	လတ်	မြင့်	နိမ့်	လတ်	မြင့်
၁	လူငယ်	✓					✓
၂	အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု	✓					✓
၃	ဆင်းရဲသားတောင်သူ						
၄	သဘာဝဘေးဒဏ်ဆိုးရွားစွာကျရောက်နိုင် သော အိမ်ထောင်စု/ကူးစက်ရောဂါ ထူပြောသော ဒေသတွင် နေထိုင်သူ						
၅	ပင်လယ်/ မြစ်ကမ်းဘေး နေထိုင်သူများ						
၆	မတော်တဆမှုဖြစ်နိုင်ခြေများသော နေရာ တွင်နေထိုင်သူများ						
၇	ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရ						

စဉ်	ထိခိုက်လွယ်မှု အမျိုးအစား	ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာ ရွေးရန်)			စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့် လိုက်လျောညီထွေဖြစ်စေမည့် အစီအမံများ)		
	သဘာဝဘေးအန္တရာယ်များ	နိမ့်	လတ်	မြင့်	နိမ့်	လတ်	မြင့်
	သူများ (IDP)						
၈	မြေနိမ့်ပိုင်း နေထိုင်သူများ						
၉	ငါးကန်ပိုင်ရှင်များ						
၁၀	လက်လုပ်လက်စားများ၊ ကျပန်းများ						
၁၁	လူနည်းစုလူမျိုးများ						
၁၂	ဒေသတွင်းပဋိပက္ခ ဧရိယာတွင် နေထိုင်သူများ						
၁၃	နယ်စပ်ဒေသတွင် နေထိုင်သူများ						
၁၄	ရွှေတွင်းလုပ်သားများ						
၁၅	လှည့်လည်သွားလာ၍ဈေးရောင်းသူများ						
၁၆	နေရပ်ပြန်အခြေချသူများ						
၁၇	ရွှေ့ပြောင်းလုပ်သားများ						
၁၈	ကားမောင်းပြီး အသက်မွေးသူများ						

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ အုဖွိုလ်ချောင်ကျေးရွာ၏ဘေးပတ်ဝန်းကျင်တွင် လယ်ကွင်းပြင်များ ရှိသော်လည်း လေပြင်းတိုက်ခတ်ခြင်း တို့နှင့် မမျှော်လင့်နိုင်သော သဘာဝဘေးတို့ ကြုံတွေ့နိုင်မှု နည်းပါးပါသည်။ ထိုဖြစ်ရပ်မျိုး ပေါ်ပေါက်လာပါက ရွာရှိရွာသူ/သားများသည် တစ်ဦးနှင့်တစ်ဦး ဝိုင်းဝန်းကူညီရန် အရေးပေါ်ကယ်ဆယ်မှု၊ သတင်းပို့ဆောင်မှု၊ ပြန်လည်နေရာချထားမှုလုပ်ငန်းများ ကြိုတင်ဖွဲ့စည်း ထားရှိပါသည်။ အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စုနှင့် ကျပန်းလုပ်ကိုင် နေသူများ ရှိသော်လည်း ထိုအိမ်ထောင်စုများသည် ဆွေမျိုးများနှင့် ကျေးရွာ၏ ထောက်ကူမှု ရနိုင်သဖြင့် ၎င်းမိသားစုများသည် သဘာဝဘေးနှင့်စားနပ်ရိက္ခာ မဖူလုံသည့် အခြေအနေများ ကြုံတွေ့ရခြင်းမရှိပါ။ မိမိနေရပ်တွင် အသက်မွေးဝမ်းကျောင်း လုပ်ငန်းလုပ်ကိုင်ရန်အတွက် အခွင့်အလမ်းနည်းပါးခြင်း၊ နည်းပညာ တက်မြောက်မှု အားနည်းခြင်းကြောင့် အခြားဒေသနှင့်

